**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၁၀ /၂၀၂၃)**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်

အကြောင်းအရာ။ **တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန်ကိစ္စထုတ်ပြန်ခြင်း**

၁။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ကျင့်သုံး ဆောင်ရွက်ခဲ့ပါသည်။

၂။ ဒုတိယအဆင့်အနေဖြင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ ခြင်းမှ ရရှိသည့်ဝင်ငွေ၊ အခြားဝင်ငွေများနှင့် ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူရရှိထားသော ငွေစာရင်း လက်ကျန်(ယွမ်ငွေ)ကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူများ အနေဖြင့် အဆိုပါရငွေများကို အသုံးပြု၍ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေ မှုများကို ပေးချေဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် အောက်ပါအတိုင်း စိစစ်ခွင့်ပြုပါမည်-

(က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင်ကုမ္ပဏီများအနေဖြင့်မိမိ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်ကြောင်း (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice) နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှု (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားမှု ပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန် ပမာဏ ထက်မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြု ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၅။ ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများအကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက် မတိုင်မီထုတ် ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် မတိုင်မီ ပြီးပြတ်အောင် တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်း မရှိပါက သွင်းကုန်လိုင်စင် ပျက်ပြယ်မည်ဖြစ်ပါသည်။

၆။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှ ရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့နောက်ပိုင်းဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၇။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကိုမိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှ ရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင်မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**